## ၁၅-၂-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ဂျွေ၊ ဒေါ်လာ ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည်ဇွေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့် ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြစ်ကြီးနား | ၁၃၀၀ | | ၈၀၀၀ | ၅၅၀၀ | ၁၈၃၀ | ၁၈၀၀ | ၁၇၉၀ | ၁၈၂၀ | ၁၈၉၀၀၀၀ | |
| ၂ | လာရှိုး | ၁၅၀၀ | ၁၂၀၀ | ၈၅၀၀ | ၅၅၀၀ | ၁၈၂၀ | ၁၇၃၀ | ၁၇၅၀ | ၁၇၇၀ | ၁၈၉၅၀၀၀ | |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | | ၉၅၀၀ | ၅၃၀၀ | ၁၉၃၀ | ၁၈၇၀ | ၁၈၇၀ | | ၁၉၂၄၀၀၀ | |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၁၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၈၈၀ | ၁၇၄၅ | ၁၅၅၀ | ၁၅၅၉ | ၁၈၉၃၀၀၀ | |
| ၅ | လွိုင်ကော် | | | | | | | | | | |
| ၆ | ဘားအံ | ၁၁၀၀ | | ၈၅၀၀ | ၅၉၀၀ | ၁၈၇၀ | ၁၇၆၅ | ၁၇၈၅ | ၁၈၀၀ | ၁၉၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၁၁၀၀ | | ၉၀၀၀ | ၅၄၀၀ | ၁၈၈၀ | ၁၇၇၅ | ၁၈၀၅ | ၁၈၂၀ | ၁၈၉၂၀၀၀ | |
| ၈ | ထားဝယ် | ၁၂၅၀ | | ၉၀၀၀ | ၅၄၀၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၃၅ | ၁၇၄၅ | ၁၉၀၀၀၀၀ | |
| ၉ | မြိတ် | ၁၃၀၀ | | ၈၀၀၀ | ၅၇၀၀ | ၁၇၇၀ | ၁၆၉၀ | ၁၅၇၂ | ၁၅၈၀ | ၁၈၉၆၀၀၀ | |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၁၇၈၅ | ၁၇၁၅ | ၁၅၅၉ | ၁၅၆၆ | ၁၉၀၆၀၀၀ | ၂၀၀၀ |
| ၁၁ | ပုသိမ် | ၁၁၀၀ | | ၇၀၀၀ | ၅၄၀၀ | ၁၈၀၀ | ၁၇၀၀ | ၁၇၂၅ | ၁၇၅၀ | ၁၈၉၀၀၀၀ | |
| ၁၂ | စစ်တွေ | ၁၁၅၀ | ၁၁၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၁၈၆၅ | ၁၇၆၅ | ၁၇၈၅ | ၁၇၉၅ | ၁၉၀၈၀၀၀ | |
| ၁၃ | ဟားခါး | ၂၄၀၀ | | ၉၀၀၀ | ၆၀၀၀ | ၂၀၅၀ | ၂၀၀၀ | ၂၀၅၀ | ၂၀၇၀ | ၁၉၂၀၀၀၀ | |
| ၁၄ | မံရွာ | ၁၄၀၀ | | ၇၀၀၀ | ၅၄၀၀ | ၁၈၂၄ | ၁၇၁၄ | ၁၇၅၈ | ၁၇၈၀ | ၁၈၉၃၀၀၀ | |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၀၅၀ | ၆၅၀၀ | ၅၄၅၀ | ၁၈၄၀ | ၁၇၂၅ | ၁၇၃၅ | ၁၇၃၅ | ၁၉၀၄၀၀၀ | ၁၉၈၃ |
| ၁၆ | ပခုက္ကူ | ၁၂၀၀ | | ၆၅၀၀ | ၅၄၀၀ | ၁၈၉၀ | ၁၇၉၀ | ၁၆၇၅ | ၁၇၉၅ | ၁၈၉၈၀၀၀ | |
| ၁၇ | မကွေး | ၁၂၀၀ | | ၆၅၀၀ | ၅၄၀၀ | ၁၈၂၅ | ၁၈၁၅ | ၁၇၄၀ | ၁၇၇၀ | ၁၈၉၅၀၀၀ | |
| ၁၈ | ပြည် | ၁၂၀၀ | | ၇၀၀၀ | ၅၆၀၀ | ၁၈၃၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၅ | ၁၈၇၅၀၀၀ | |
| ၁၉ | ပဲခူး | ၁၁၀၀ | | ၈၀၀၀ | ၅၅၀၀ | ၁၈၅၀ | ၁၇၅၀ | ၁၆၈၀ | ၁၆၉၅ | ၁၉၀၈၀၀၀ | |
| ၂၀ | ဟူးမနား | ၁၂၀၀ | | ၇၅၀၀ | ၅၅၀၀ | ၁၈၆၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၈၀ | ၁၉၀၅၀၀၀ | |
| ၂၁ | နေပြည်တော် | ၁၂၀၀ | | ၈၀၀၀ | ၅၅၀၀ | ၁၈၆၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၈၀ | ၁၉၀၅၀၀၀ | |
| ၂၂ | ကလေး | ၁၅၀၀ | ၁၄၀၀ | ၈၀၀၀ | ၅၄၀၀ | | ၁၈၆၀ | ၁၈၅၀ | ၁၈၆၅ | ၁၉၄၀၀၀၀ | |


# The Consumer Affairs NEWS LETTER

*Monthly News Letter* *February 2022* *Department of Consumer Affairs*


## ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) ထုတ်ပြန်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်ရန်နှင့် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်ပြီး စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၈၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

အဆိုပါ ညွှန်ကြားချက်တွင်-

"စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ) အရ ဤဥပဒေ၏ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေ ပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှ စတင်၍ အာဏာတည်ပြီးဖြစ်သည်။

ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် "ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန်

စာမျက်နှာ ၃ ကော်လံ ၁ သို့

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ကဏ္ဍ** ၄

၁။ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပရန် ဆောင်ရွက်လျက်ရှိ

**ဖြည်တွင်း၊ ဖြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၆

၂။ ASEAN Consumer Associations Guidelines ရေးဆွဲလျက်ရှိ

၃။ Alternative Dispute Resolution (ADR) Guidelines ရေးဆွဲထုတ်ပြန်ထားရှိမှုအခြေအနေ

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၁၀

၄။ ရတနာဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၅။ Online Shopping ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၆။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း CICC များ၏ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှု၊ ဖြေရှင်းရန်ကျန်စာရင်း

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၁၁

၇။ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) ထုတ်ပြန်

၈။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဈေးကွက်စောင့်ကြည့်ခြင်း

၉။ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်မှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

၁၀။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

၁၁။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၃

၁၂။ ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးသူကာကွယ်ရေးအသိပညာပေး (Talk Show) အစီအစဉ်များ ဆောင်ရွက်

၁၃။ ပဲခူးတိုင်းဒေသကြီးအတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

၁၄။ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုအခြေအနေ

၁၅။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

၁၆။ တောင်အာဖရိကနိုင်ငံ၏ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ

**ကုန်သွယ်မှုကဏ္ဍ** ၁၈

၁၇။ ပြည်တွင်းဈေးကွက်ကောင်းရရှိနေသည့် ပဲခူးသကြား

၁၈။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ




စာမျက်နှာ ၁၈ မှအဆက်

**ကြံစိုက်တောင်သူများ၏ တစ်ဧကအပေါ် အကျိုးအမြတ်**

ကြံစိုက်တောင်သူများသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကြံ (၁) ဧက ကုန်ကျစရိတ်အနေဖြင့် ၇ သိန်း ဝန်းကျင်ခန့် ကုန်ကျပြီး ကြံ (၁) တန်လျှင် စက်ရုံအရောက် ဝယ်ဈေးမှာ ခင်းသစ်ကြံ ၄၀၀၀၀-/ ကျပ် ၊ လမိုင်းကြံ ၃၆၀၀၀-/ ကျပ်ဖြင့် ဝယ်ယူသဖြင့် ခင်းသစ်ကြံစိုက်ပျိုးတောင်သူများအနေဖြင့် အနည်းငယ်သာ အမြတ်ရရှိပြီး လမိုင်းကြံစိုက်ပျိုးတောင်သူများအနေဖြင့် အရှုံးပေါ်ကြပါသည်။ ကြံစိုက် တောင်သူ များအနေဖြင့် ယခုနှစ်တွင် ကြံတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ သွင်းအားစုများ ဈေးမြင့်ခြင်း၊ ထွန်ယက်ခဈေးကြီးမြင့်လာခြင်းတို့ကြောင့် ခုတ်သိမ်းပြီး စက်အရောက် ကုန်ကျစရိတ်မှာ တစ်ဧကလျှင် (၇၅၀၀၀၀-၈၀၀၀၀၀) ကျပ် ကုန်ကျပြီး ကြံတစ်တန်လျှင် စက်အရောက် ပေးချေမှုနှုန်းမှာ (၅၄၀၀-၅၅၀၀) ကျပ် ရရှိသည့်အတွက် ကြံတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၂၂ တန်ခန့် ထွက်ရှိပါက တစ်ဧကဝင်ငွေအဖြစ် (၁၁၈၈၀၀၀-၁၂၁၀၀၀၀) ကျပ် ခန့်ရရှိပြီး တစ်ဧကလျှင် ၃၈၀၀၀၀ ကျပ်မှ ၄၀၂၀၀၀ ကျပ်အထိ အကျိုးအမြတ်ရရှိ၍ အထွက်နှုန်းနှင့် အရည်အသွေးပေါ်မူတည်၍ အကျိုးအမြတ်ကွာခြားမှုရှိကြောင်း သိရှိရပါသည်။

**သကြားစက်များ၏ သကြားထုတ်လုပ်မှု အခြေအနေ**

တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ (Delicious Company) သကြားစက်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကြံတန်ချိန် ငါးသောင်းဝယ်ယူရန် လျာထားပြီး သကြားတန်ချိန် (၅၀၀၀) တန် ထွက်ရှိရန် လျာထားကြောင်း၊ မြို့လှရှိ (Gate Way) သကြားစက်သည် ကြံတန်ချိန် (၇၀၀၀၀) လျာထားဝယ်ယူ၍ သကြားတန်ချိန် (၇၀၀၀) ခန့်ထုတ်လုပ်ရန် လျာထားကြောင်း၊ အုတ်တွင်းမြို့ ဟောဓိကုန်း သကြားစက်သည် ကြံတန်ချိန် (၈၀၀၀၀) ဝယ်ယူရန် လျာထား၍ သကြားတန်ချိန် (၈၀၀၀) ခန့် ထုတ်လုပ်ရန် လျာထားကြောင်း၊ ဖြူးမြို့နယ် ဇေယျဝတီ သကြားစက်သည် ကြံတန်ချိန် (၃၀၀၀၀) လျာထားဝယ်ယူပြီး သကြားတန်ချိန် (၃၀၀၀) ခန့် ထုတ်လုပ်ရန် လျာထားလျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် ထိုင်းကုမ္ပဏီဖြစ်သည့် စူးတက်ကုမ္ပဏီက ပိုင်ဆိုင်သော ပြည်ခရိုင်ရှိ နဝေး သကြားစက်သည် ကြံတန်ချိန် (၂၃၀၀၀၀) ခန့် ကြိတ်ခွဲရန် လျာထားပြီး သကြားတန်ချိန် (၂၃၀၀) ထုတ်လုပ်ရန် လျာထားလျက်ရှိကြောင်း၊ မြန်မာ့ဦးပိုင် လီမိတက်က ပိုင်ဆိုင်သည့် အင်ငါးခွ သကြားစက်သည် ကြံတန်ချိန် (၁၅၀၀၀၀) ကြိတ်ခွဲရန် လျာထားပြီး သကြားတန်ချိန် ပေါင်း (၁၅၃၅၀) ထုတ်လုပ်ရန် လျာထားလျက်ရှိကြောင်း နှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် သကြားတန်ချိန်ပေါင်း (၆၁၄၅၀) ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** ပဲခူးတိုင်းဒေသကြီး

*ဆက်လက်ဖော်ပြပါမည်။*

စာမျက်နှာ ၁၇ မှအဆက်

၂၀၁၁ ခုနှစ်မှသာ အသက်ဝင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့သော် စားသုံးသူကာကွယ်ရေးကိစ္စများသည် ဥပဒေပေါ် ပေါက်သည့်အချိန်မှသာ စတင်လှုပ်ရှားဆောင်ရွက်သည် မဟုတ်ဘဲ စားသုံးသူကာကွယ်ရေးနှင့်သက်ဆိုင်သည့် ဥပဒေများအား ၁၉၆၀ ပြည့်နှစ်များကတည်းက ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

စာသုံးသူကာကွယ်ရေး အငြင်းပွားမှုဖြေရှင်းရေးကိုလည်း ပြည်နယ်အလိုက် စားသုံးသူဖြေရှင်းရေးတရားရုံး (သို့မဟုတ်) စားသုံးသူဖြေရှင်းရေးခုံရုံးအဖွဲ့များကို

## ကုန်သွယ်မှုကဏ္ဍ

### ပြည်တွင်းစျေးကွက်ကောင်းရရှိနေသည့် ပဲခူးသကြား

ပဲခူးတိုင်းဒေသကြီးသည် ဆန်၊ စပါး၊ ပဲမျိုးစုံအပြင် စက်မှုသီးနှံဖြစ်သော ကြံသီးနှံကိုလည်း စိုက်ပျိုးထုတ်လုပ်သော တိုင်းဒေသကြီး တစ်ခုဖြစ်ပါသည်။ စိုက်ကေအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ခင်းသစ် (၃၂၇၃) ကေ၊ လမိုင်း (၁၅၂၃၆) ကေ၊ စုစုပေါင်း (၄၇၉၆၈) ကေ စိုက်ပျိုး၍ ပြည်ခရိုင်တွင် ပျမ်းမျအထွက်နှုန်း တစ်ကေလျှင် (၂၂) တန်ရှိသောကြောင့် ကြံတန်ချိန်ပေါင်း (၇၁၄၆၂၈) ထွက်ရှိရန် လျာထားပြီး တောင်ငူခရိုင်တွင် ပျမ်းမျ အထွက်နှုန်း (၂၂. ၇၇) တန်ထွက်ရှိ၍ ကြံတန်ချိန်ပေါင်း ဖွဲ့စည်း၍ ဖြေရှင်းပေးကြောင်းနှင့် တစ်ချိန်တည်းမှာပင် အငြင်းပွားမှုတိုင်ကြားရေးကိစ္စများအား ပို့ဆို့လျှင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပဂ္ဂလိကကဏ္ဍသို့ အငြင်းပွားမှုဖြေရှင်းပေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပေး၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ စားသုံးသူပညာပေးရေးအစီအစဉ်များကိုလည်း ပုံမှန်ဆွေးနွေးပွဲ၊ သင်တန်းများ ပို့ချဆောင်ရွက်ခြင်းအပြင် တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရှိရကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ **Source: စီးပွားရေးသံမှူး**

(၃၆၁၄၅၂) တန် ထွက်ရှိရန် လျာထားကြောင်း သိရှိရပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်တွင် အင်းငါးခွသကြားစက်၊ ပြည်မြို့နယ်တွင် နဝဒေးသကြားစက်၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ဗောဓိကုန်းသကြားစက်၊ ရေတာရှည်မြို့နယ်တွင် အောင်ချမ်းသာသကြားစက်နှင့် မြို့လှသကြားစက်၊ ဖြူးမြို့နယ်တွင် ဇေယျဝတီသကြားစက်တို့ တည်ရှိပါသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့



စာမျက်နှာ ၁ မှအဆက်

ညွှန်ကြားချက်” ကို ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်နှင့်တကွ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်းညွှန်ကြားချက်၏ အသေးစိတ်စိစစ်ချက်ပါ ကုန်စည်အုပ်စု (၈) ခုအနက် အစားအသောက်ကုန်စည်အုပ်စုတွင် ပါဝင်သည့် စားသုံးဆီအမျိုးမျိုးနှင့်စပ်လျဉ်း၍ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်းတို့ကို မဖြစ်မနေဖော်ပြရန် လိုအပ်ကြောင်း သတ်မှတ်ထုတ်ပြန်ပြီးဖြစ်ပါသည်။

ယခုအခါ စျေးကွက်အတွင်း စားသုံးဆီများအနက် အချို့သော စားသုံးဆီများကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) ဟူ၍ ဖော်ပြပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ “ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil)” ဟူသည့် ဖော်ပြချက်သည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်းမရှိသော ယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာဖြစ်သည်။

သို့ဖြစ်ပါ၍ စားသုံးသူများ ထင်ယောင်ထင်မှား မဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စျေးကွက်အတွင်း ဖြန့်ဖြူး

ရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) အမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင်-

(က) ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသော ကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်။ [ဥပမာ-ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)၊ ဟင်းသီးဟင်းရွက်ဆီ (အဆင့်မြင့် စားအုန်းဆီ)]

(ခ) ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။ (ပိဿာ၊ ကျပ်သား)

ဤညွှန်ကြားချက်သည် စတင်ထုတ်ပြန်ပြီး ၆ လပြည့် မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက် အပိုဒ် ၄ ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။” ဟု ဖော်ပြပါရှိကြောင်း သတင်းရရှိပါသည်။ **Source:** ဆုတ်ခဲ

# မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ကဏ္ဍ

## ၂၀၂၂ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပရန် ဆောင်ရွက်လျက်ရှိ

စားသုံးသူအခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများအနေဖြင့် စားသုံးသူကာကွယ်ရေး၊ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူစွမ်းဆောင်နိုင်မှု စသည်တို့နှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ အသိပညာတိုးတက်မှုများ မြင့်တင်ဖော်ဆောင်ရန်အတွက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို နှစ်စဉ် မတ်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ (Consumer International) မှ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ကို "ညီညွတ်မှုတစ်ဝစ်ဂျစ်တယ်ငွေကြေးကဏ္ဍ (Fair Digital Finance)" အဖြစ် သတ်မှတ်ထုတ်ပြန်ထားပါသည်။ အဆိုပါ ဆောင်ပုဒ်နှင့်အညီ စားသုံးသူများအနေဖြင့် မျှတမှုရှိသည့် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုကို ရယူအသုံးပြုနိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စားသုံးသူအခွင့်အရေးလှုပ်ရှားမှုများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားသုံးသူအခွင့်အရေးလှုပ်ရှားမှုများတွင် ဒစ်ဂျစ်တယ်ငွေကြေးကဏ္ဍနှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချရမှု၊ အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား ကာကွယ်ထိန်းသိမ်းမှု၊ ရေရှည်တည်တံ့မှုနှင့် ပေါင်းစပ်ပါဝင်မှုတို့ရှိလာစေရန်အတွက် လူထုလှုပ်ရှားဆောင်ရွက်မှုများနှင့် စားသုံးသူဗဟိုပြု အသိပညာတိုးတက်မြင့်မားမှုများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့မှ ထုတ်ဖော်ပြောကြားထားပါသည်။

ဒစ်ဂျစ်တယ်နည်းပညာရပ်များသည် စားသုံးသူများ၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ နည်းပညာရပ်များသည် ကမ္ဘာတစ်ဝန်းတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ Juniper Research, ၂၀၂၀ အရ ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြု၍ ဘဏ်လုပ်ငန်းဆောင်ရွက်မည့် စားသုံးသူဦးရေသည် ၂၀၂၄ ခုနှစ်တွင် ၃. ၆ ဘီလီယံအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပါသည်။ Findex ၂၀၁၇ အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြု၍ ကိုယ်ပိုင် account ဖြင့် ငွေကြေးလွှဲပြောင်းခြင်း၊ လက်ခံခြင်း ဆောင်ရွက်သူဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း သိရှိရပါသည်။ JDSpura, ၂၀၂၀ အရလည်း ကုမ္ပဏီများ၏ ၃၉ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဘဏ္ဍာရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြပြီး၊ ကမ္ဘာတစ်ဝန်းတွင် ပိုမိုဆန်းသစ်သည့် ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေအနေများကို ရယူအသုံးပြုနိုင်ရန်အတွက် အလေးထားတောင်းဆိုလျက်ရှိကြပါသည်။

သို့ရာတွင် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် ယခင်ဖြစ်ပေါ်လေ့ရှိသော အခက်အခဲပြဿနာရပ်များနှင့်မတူဘဲ စားသုံးသူများအပေါ် မျှတမှုမရှိသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၆ မှအဆက်

အစိုးရအဆင့်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူကာကွယ်ရေးရုံး (Consumer Protection Office) များက စားသုံးသူပညာပေးရေးအစီအစဉ် (Consumer Education Programme) များကို စားသုံးသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ပြည်နယ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အသိပညာပေးမှုများကို တစ်ဦးချင်းတွေ့ဆုံ၍လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေနိုင်သည့် မီဒီယာများမှလည်းကောင်း အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့များပူးပေါင်း၍ စားသုံးသူများ သိသင့်သိထိုက်သည့် အချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်နယ်ရေဒီယို FM များမှသော်လည်းကောင်း၊ စားသုံးသူအခွင့်အရေး၊ စားသုံးသူကာကွယ်ရေး၊ စားသုံးသူမကျေနပ်မှုများကို မည်သို့မည်ပုံ တင်ပြနိုင်သည့်နည်းလမ်းများစသည့် အချက်များကို ပုံနှိပ်လက်ကမ်းစာစောင်ထုတ်ဝေ၍ စားသုံးသူများထံသို့ သတင်းအချက်အလက်များ မျှဝေခြင်း (သို့မဟုတ်) အများပြည်သူပြပွဲများတွင် ဝေမျှပေးခြင်းတို့ကို လည်း ဆောင်ရွက်ပါသည်။ ထို့အပြင် ပိုမိုထိရောက်သည့် ပြင်ပစားသုံးသူပညာပေးပြပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လူမှုပတ်ဝန်းကျင်ရှိ ကျောင်းသား/ကျောင်းသူများအပါအဝင် အလွှာပေါင်းစုံ၊ အသက်အရွယ်မျိုးစုံရှိ စားသုံးသူများအား စားသုံးသူအသိပညာများ ရေရှည်သိရှိနားလည်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့သည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ဖြစ်သဖြင့် ကိုဗစ်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သော်လည်း တောင်အာဖရိကနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်နှင့် Consumer Protection Forum တို့ ပူးပေါင်း၍ တစ်ပတ်ကြာ စားသုံးသူအသိပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ပါသည်။

တောင်အာဖရိကနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်နိုင်မှုသည် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ စည်းမျဉ်းစည်းကမ်းများ ပြည်စုံမှုအပေါ်တွင် မူတည်၍ ထိရောက်မှုရှိပါသည်။ ထို့ကြောင့် ပြည်နယ်တိုင်းတွင် စားသုံးသူကာကွယ်ရေး အာဏာပိုင်များ ဖွဲ့စည်းထားရှိပါသည်။ ပြည်နယ်စားသုံးသူရေးရာတရားရုံးများသည် စျေးကွက်အတွင်း သတ်မှတ်ထားသောစီးပွားရေး စည်းမျဉ်းအပေါ် ချိုးဖောက်ပြီး စားသုံးသူများအပေါ် မမှန်ကန်သည့် အမြတ်ထုတ်မှုများနှင့်ပတ်သက်၍ တိုင်ကြားလာသည့် အမှုများကို ဖြေရှင်းပေးရသည့် အဓိကအဖွဲ့ဖြစ်ပါသည်။ ပါလီမန်၏ ကုန်သွယ်မှုနှင့် စက်မှုကော်မတီက ကော်မရှင်၏ လုပ်ဆောင်ချက်များကို ကြီးကြပ်စောင့်ကြည့်ပါသည်။

သို့ဖြစ်ပါ၍ တောင်အာဖရိကနိုင်ငံ၏ စားသုံးသူကာကွယ်ရေးဥပဒေသည် ၂၀၀၉ ခုနှစ်တွင် အတည်ပြုပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မုန့်လုပ်ငန်းရှင်များအသင်းမှ ဦးစီးတည်ထောင်သည့် မုန့်လုပ်ငန်းဇုန်သို့ သွားရောက်၍ အသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ပြည်နယ်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆောင်သော လုပ်ငန်းရှင် ၁၈ ဦးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၈)၊ ပုဒ်မ ၄၃ အရ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် (၁/၂၀၂၁) နှင့်စပ်လျဉ်း၍လည်းကောင်း သိရှိလိုက်နာဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အသိပညာပေး**

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းတို့နှင့်စပ်လျဉ်း၍ စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလအတွင်း အသိပညာပေးဟောပြောခြင်း အကြိမ် (၇၆)၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၁၉၁) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အသိပညာပေး**

ယခင်လမှအဆက်

## တောင်အာဖရိကနိုင်ငံ၏ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

### စားသုံးသူကာကွယ်ရေး အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း

စားသုံးသူကာကွယ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသည် စားသုံးသူများအနေဖြင့် ၄င်းတို့၏ အခွင့်အရေးများကို ပိုမိုသိရှိနားလည်ပြီး ဈေးကွက်အတွင်း အမြတ်ထုတ်မှုများအား တိုင်ကြားဖြေရှင်းနိုင်သည့် နည်းလမ်းများကို သိရှိထားခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် တောင်အာဖရိကနိုင်ငံအစိုးရသည် စားသုံးသူကာကွယ်ရေး အသိပညာပေးမှုအစီအစဉ်များကို ပြည်နယ်အလိုက်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်

အကျိုးရလဒ်များဖြစ်စေခြင်းနှင့် အားနည်းထိခိုက်လွယ်သည့် စားသုံးသူများအား ငွေသားကင်းစင်သော လူ့အဖွဲ့အစည်းနှင့် ဝေးကွာသွားစေခြင်း စသည်တို့ကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ မကြာမီနှစ်များအတွင်း ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် အခက်အခဲပြဿနာများ ပိုမိုများပြားလာသည်ကို တွေ့ရှိလာရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် အဆိုပါ ပြဿနာရပ်များ ပိုမိုကြီးထွားလာစေရန် တွန်းအားပေးလျက်ရှိပြီး ဖြစ်ပေါ်လာသည့် စီးပွားရေးအကြပ်အတည်းများကြောင့် အားနည်းထိခိုက်လွယ်သည့် စားသုံးသူများအား ပိုမိုထိခိုက်နစ်နာစေလျက်ရှိပါသည်။ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုကဏ္ဍသည် ခေတ်နှင့်လျော်ညီသည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြုစုရန်နှင့် စားသုံးသူကာကွယ်ရေးနှင့် စားသုံးသူစွမ်းဆောင်နိုင်မှုကို ဗဟိုပြုသည့် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်စနစ်တွင် မျှတမှုရှိသည့် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ သဘောသဘာဝနှင့် စားသုံးသူဗဟိုပြုသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံး၏ စိန်ခေါ်မှုများအဖြစ် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေမှုတို့ကို သိရှိနားလည်ပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးလှပါသည်။ ထို့အပြင် G 20 နှင့် OECD တို့အနေဖြင့် ငွေကြေးဝန်ဆောင်မှုဆိုင်ရာ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အဆင့်မြင့်လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်လျက်ရှိသည့်အတွက် ၂၀၂၂ ခုနှစ်သည် နိုင်ငံတကာမူဝါဒများအတွက် အရေးပါသည့်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည့် နှစ်တစ်နှစ်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် မတ်လ (၁၅) ရက်တွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားများကို Consumer International မှ သတ်မှတ်ထုတ်ပြန်သော ဆောင်ပုဒ်များဖြင့် ကျင်းပလျက်ရှိပါသည်။ ထိုသို့ ကျင်းပလျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် "အစားအစာဟူသမျှ ပဋိဇီဝဆေးကင်းစင်ပ (Antibiotic off the menu)" ၊ ၂၀၁၇ ခုနှစ်တွင် "ဒစ်ဂျစ်တယ် ကမ္ဘာတည်ဆောက်ရေး စားသုံးသူယုံကြည်မှုအလေးပေး (Building a Digital World Consumers can trust)"၊ ၂၀၁၈ ခုနှစ်တွင် "စားသုံးသူအခွင့်အရေးရရှိရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်ပေး (Fairer Digital Marketplace)"၊ ၂၀၁၉ ခုနှစ်တွင် "စိတ်ချယုံကြည် ဒီဂျစ်တယ်ထုတ်ကုန်များဆီ (Trusted Smart Products)"၊ ၂၀၂၀ ပြည့်နှစ်တွင် "စားသုံးသူအရေး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေး (The Sustainable Consumer)"၊ ၂၀၂၁ ခုနှစ်တွင် "ပလပ်စတစ် ညစ်ညမ်းမှုအန္တရာယ် စုပေါင်းကာကွယ် (Tackling Plastic Pollution)" ဟူသော ဆောင်ပုဒ်များ သတ်မှတ်၍ ကျင်းပခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှအဆက်

Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို “ညီညွတ်မျှတ ဒစ်ဂျစ်တယ်ငွေကြေးကဏ္ဍ (Fair Digital Finance)” ဆောင်ပုဒ်ဖြင့် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂) တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းမျဉ်းများ နှင့်အညီ Virtual Conference စနစ်ဖြင့် အစီအစဉ် (၈) ရပ်သတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအခမ်းအနားတွင် “စားသုံးသူများ သတင်းပေးဖို့ Consumer Complaint Center ကို မိတ်ဆက်စို့” ဟူသော ခေါင်းစဉ်ဖြင့် Media Campaign ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### ASEAN Consumer Associations Guidelines ရေးဆွဲလျက်ရှိ

အာဆီယံ ဒေသတွင်း စားသုံးသူများ၏ အကျိုးစီးပွားကာကွယ်ရန် အထောက်အကူပြုပေးနေသည့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးအတွက် အာဆီယံ စားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အရ အာဆီယံ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့လမ်းညွှန်ချက်ကို ရေးဆွဲပြုစုနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလမ်းညွှန်ချက်သည် ဒေသတွင်းရှိ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များအား လက်တွေ့ကျပြီး ကောင်းမွန်သည့် အလေ့အထများဖြင့် ဖွဲ့စည်းတည်ဆောက်၍ သက်ဝင်လှုပ်ရှားမှုရှိစေမည် ဖြစ်ပါသည်။ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများတွင် အာဆီယံစားသုံးသူကာကွယ်ရေးအသင်းများကွန်ရက်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက်၏ ပန်းတိုင် (၄) ဖြစ်သည့် “အာဆီယံ၏ မူဝါဒများအားလုံးတွင် စားသုံးသူအရေးကိစ္စရပ်များကို ထည့်သွင်းပေါင်းစည်းခြင်း” ဟူသော အချက်ကိုလည်း ဖော်ဆောင်ရာရောက်ပါသည်။

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် အဆိုပါလမ်းညွှန်ချက်အား အာဆီယံ စားသုံးသူကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းစဉ် (၈) ချက်အနက် လုပ်ငန်းစဉ် (၂၊ ၄၊ ၆၊ ၇) ပါ အချက်အလက်များအား ထည့်သွင်းပေါင်းစပ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်တွင် ပါဝင်သည့် အဓိကစည်းမျဉ်းများ၊ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများနှင့် သဘောတရားများသည် ဒေသတွင်း တည်ဆဲစားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များအား ပိုမိုခိုင်မာ၍ ရေရှည်ရပ်တည်နိုင်စေရန်အတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အပြင် အစိုးရအနေဖြင့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ရာတွင် စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ ပါဝင်လာစေရန်နှင့် အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိရောက်မှုရှိစေရန်အတွက် ဖန်တီးပံ့ပိုးဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှအဆက်

နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမတို့၌လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရေတာရှည်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် ပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပေါင်းတည်မြို့နယ်၌လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ရွှေတောင်မြို့နယ်၌လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သဲကုန်းမြို့နယ်၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ သာယာဝတီခရိုင်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မိုးညှိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌လည်းကောင်း ကျင်းပခဲ့ပါသည်။

ထိုသို့ စားသုံးသူအသိပညာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူကာကွယ်ရေးဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးများ၊ လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်

များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်မည့် နည်းလမ်းများနှင့် တိုင်ကြားမှုများအား လက်ခံဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြရန် အရေးကြီးပုံများ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း ၁၈ ပါ ပြဋ္ဌာန်းချက်များ၊ ကုန်အညွှန်းအမှတ်အသားများနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်ထုတ်ပြန်ထားရှိမှုများ၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:** ပဲခူးတိုင်းဒေသကြီး

### တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ကာကွယ်ရန် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တောင်ငူခရိုင်၊ ရေတာရှည်မြို့၊ အမှတ် (၂) ရပ်ကွက်ရှိ ပဲစပ်ဆီ ထုတ်လုပ်သည့်လုပ်ငန်းသို့ သွားရောက်ပြီး လုပ်ငန်းရှင်နှင့်တွေ့ဆုံခြင်း၊ စစ်ကိုင်းတိုင်း

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှအဆက်

ဝါးခယ်မမြို့နယ်တို့၌လည်းကောင်း၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်းကောင်း စားသုံးသူကာကွယ်ရေးအသိပညာပေး Talk Show အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအစဉ်တွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်ပတ်သက်သည့် အမိန့်ညွှန်ကြားချက်များ၊ Digital Online စနစ်ဖြင့် ဆောင်ရွက်နေသောငွေကြေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ Online Shopping လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ COVID-19 ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် အချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source: ရောဝတီတိုင်းဒေသကြီး**

## ပဲခူးတိုင်းဒေသကြီးအတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း တောင်ငူခရိုင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံး၌လည်းကောင်း၊ လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာရှိ ရတနာ စက်သုံးဆီဆိုင်၌လည်းကောင်း၊ ဖြူးမြို့နယ်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ဆောင်ရွက်သည့် ဌာနဆိုင်ရာအလိုက် သိသင့်သိထိုက်သည့် အချက်များကို သိရှိနိုင်စေရေး အသိပညာပေး ဟောပြောပွဲ၌လည်းကောင်း၊ ပြည်မြို့နယ် ဇီးအုပ်ကျေးရွာရှိ တောင်သူလယ်သမား သင်တန်းကျောင်း၌ ပြည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သည့် စိုက်ပျိုးရေးဆိုင်ရာ ဘက်စုံပညာပေးသင်တန်း၌လည်းကောင်း သွားရောက်အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး ဆိုင်ရာအသိပညာပေးခြင်း (Talk Show) အစီအစဉ်များကို ကျင်းပပြုလုပ်ခဲ့ရာ တောင်ငူခရိုင်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် တောင်ငူမြို့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမနှင့် အုတ်တွင်းမြို့ ပြန်ကြားရေး

စာမျက်နှာ ၁၅ ကော်လံ ၁ သို့



စာမျက်နှာ ၆ မှအဆက်

အဆိုပါ လမ်းညွှန်ချက်တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် စားသုံးသူအသိပညာမြှင့်တင်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် အတွက် တိုက်တွန်းနှိုးဆော်မှုများပြုလုပ်ခြင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ မိမိတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ပြောဆိုခြင်းစသည်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များအနေဖြင့် စားသုံးသူများအား နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ လိုအပ်သည့် အကြံဉာဏ်များပေးအပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Complaint Portals ပေါ်တွင် တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် စားသုံးသူအငြင်းပွားမှုများတွင် စားသုံးသူများကို ကိုယ်စားပြု၍ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ကြားခံအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပေးခြင်းစသည့် အကြောင်းအရာများကို လမ်းညွှန်ချက်တွင် ထည့်သွင်းဖော်ပြထားပါသည်။

အစိုးရအနေဖြင့် စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ရာတွင် ရှင်းလင်းသည့် စံသတ်မှတ်ချက်များကို ဖော်ပြပေးခြင်း၊ အသင်းအဖွဲ့များ၏ လုပ်ငန်းတစ်စိတ်တစ်ပိုင်းကို ထောက်ပံ့သည့်အနေဖြင့် တရားဝင်ရန်ပုံငွေစနစ် ထူထောင်ပေးခြင်း၊ အသင်းအဖွဲ့များအနေဖြင့် စားသုံးသူအငြင်းပွားမှုများကို ကျွမ်းကျင်မှုရှိစွာ ကူညီညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် ဥပဒေနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ အစိုးရနှင့် အသင်းအဖွဲ့များ ပူးပေါင်း၍ စားသုံးသူအသိပညာပေးရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့များစုဖွဲ့၍ စားသုံးသူစွမ်းဆောင်နိုင်မှု အဆင့်အတန်းအား အကဲဖြတ်ဆန်းစစ်ခြင်းဆိုင်ရာစစ်တမ်းများ ကောက်ယူနိုင်ရန်အတွက် ဆောင်ရွက်ခြင်း စသည်တို့ကိုလည်း လမ်းညွှန်ချက်တွင် ဖော်ပြထားရှိပါသည်။

ဆက်လက်၍ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ လိုက်နာရမည့် အဓိက စည်းမျဉ်းများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) ရန်ပုံငွေအရင်းအမြစ်များအား ပွင့်လင်းမြင်သာမှုစွာ ဖော်ထုတ်ပြသခြင်း၊

(ခ) ရန်ပုံငွေများကို တာဝန်ခံ၍ ကိုင်တွယ်ဆောင်ရွက်နေမှုကို ပြသရန်အတွက် ကုန်ကျစရိတ်များအား အစီရင်ခံတင်ပြခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် လုပ်ငန်းရှင်များ၏ လွှမ်းမိုးမှုများကို ရှောင်ရှားခြင်း၊

(ဃ) စားသုံးသူများအပေါ် အရည်သွေးကောင်းမွန်သည့် ဝန်ဆောင်မှုများနှင့် အဆင့်မြင့် ကျွမ်းကျင်မှုများ ပေးအပ်ခြင်းဖြင့် အများပြည်သူ၏ စိတ်ဝင်စားမှုကို ရယူခြင်း။

ASEAN Guidelines on Consumer Associations သည် ဒေသတွင်းစားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ ခိုင်မာအားကောင်းလာစေရေး၊ အသင်းအဖွဲ့များကို နည်းစနစ်ကျစွာ တည်ထောင်ဖွဲ့စည်းနိုင်ရေးနှင့် ယင်းအသင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှအဆက်

အဖွဲ့များ၏ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ထိရောက်မှုရှိစွာ ဆောင်ရွက်နိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည့် အကြံပြုသုံးသပ်ချက်များပါဝင်သည့် လမ်းညွှန်ချက်တစ်ခုဖြစ်ပါသည်။ ဦးစီးဌာနအနေဖြင့် အဆိုပါလမ်းညွှန်ချက်အား အများပြည်သူသိရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များအနေဖြင့်လည်း ယခုလမ်းညွှန်ချက်ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အသင်းအဖွဲ့များ၏

## Alternative Dispute Resolution (ADR) Guidelines
## ရေးဆွဲထုတ်ပြန်ထားရှိမှု အခြေအနေ

အာဆီယံစီးပွားရေး အသိုက်အဝန်းအရ စားသုံးသူကာကွယ်ရေးနှင့် စားသုံးသူအကျိုးစီးပွားသည် အရေးကြီးသောကဏ္ဍများဖြစ်သည့် အားလျော်စွာ စားသုံးသူများအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချရသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်ရန်၊ ရှင်းလင်းတိကျသည့် သတင်းအချက်အလက်များမှတစ်ဆင့် မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအား မိမိစိတ်ကြိုက် ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်ရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေနှင့် မူဝါဒများသည် များစွာအထောက်အကူပြုလျက်ရှိပါသည်။

အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်အောင်မြင်လာမည့်အပြင် အောင်မြင်မှုများကိုလည်း ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ဦးစီးဌာနနှင့် စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များအနေဖြင့် အဆိုပါလမ်းညွှန်ချက်ပါ သဘောတရားများနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံ၍ စားသုံးသူကာကွယ်ရေးနှင့် စားသုံးသူအသိပညာပေးရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး စားသုံးသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Source: အာဆီယံ**

တွင် ပိုမိုထိရောက်စေရန် နှင့် အာဆီယံဒေသအတွင်းရှိ နိုင်ငံများ၏ Alternative Dispute Resolution (ADR) စနစ်များ ခိုင်မာအားကောင်းမှုရှိစေရန်အတွက် ADR Guidelines for Consumer Protection ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အတည်ပြုထုတ်ပြန်ထားပါသည်။ ADR Guidelines တွင် စားသုံးသူအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ယေဘုယျတွေ့ရှိရသည့် လက္ခဏာရပ်များ၊ ပြည်တွင်း စားသုံးသူ အငြင်းပွားမှုများတွင် သီးခြားတွေ့ရှိရသည့် လက္ခဏာရပ်များ၊ နိုင်ငံဖြတ်ကျော် စားသုံးသူတိုင်ကြားမှုများတွင် သီးခြားတွေ့ရှိရသည့် လက္ခဏာရပ်များနှင့် ASEAN Context and Culture စသည်ဖြင့် လက္ခဏာရပ် (၄) ရပ် ဖော်ပြပါရှိပါသည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ADR Guidelines ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် စည်းမျဉ်း (၁၀) ရပ်ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

စာမျက်နှာ ၉ ကော်လံ ၁ သို့



## ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်မှ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုမ္ပဏီ ၂၂ ခု၊ ကုန်ပစ္စည်း ၁၂၁ မျိုးကို စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။

**Source: ထုတ်လုံ**

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူများအသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများ စျေးနှုန်းမှန်ကန်မှုရှိစေရေး၊ စက်သုံးဆီများ စျေးနှုန်း မှန်ကန်မှုရှိစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှု (၄၁၇၀) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

**Source: ထုတ်လုံ**

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

## ရောဝတီတိုင်းဒေသကြီးအတွင်း စားသုံးသူကာကွယ်ရေးအသိပညာပေး (Talk Show) အစီအစဉ်များဆောင်ရွက်

ရောဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွား ကာကွယ်ရေးအတွက် အွန်လိုင်းမီဒီယာမှတစ်ဆင့် စားသုံးသူကာကွယ်ရေး အသိပညာပေး (Talk Show) အစီအစဉ်များကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့၌လည်းကောင်း၊ ဟင်္သာတခရိုင်အတွင်းရှိ ကြံခင်းမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဇလွန်မြို့နယ်နှင့် မြန်အောင်မြို့နယ်တို့၌လည်းကောင်း၊ မြောင်းမြခရိုင်အတွင်းရှိ အိမ်မဲမြို့နယ်၊ မော်ကွန်းမြို့နယ်၊ မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်နှင့်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၁ မှအဆက်

မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံဆိုင်များ၊ ၁၉-၁-၂၀၂၂ ရက်နေ့တွင် လေးမျက်နှာမြို့နယ်၊ ခမောက်စုဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်များ၊ ဖျာပုံခရိုင်အတွင်း ၇-၁-၂၀၂၂ ရက်နေ့တွင် ဖျာပုံမြို့ (၆) ရပ်ကွက်ရှိ စတိုးဆိုင်များ၊ ၁၂-၁-၂၀၂၂ ရက်နေ့တွင် ဘိုကလေးမြို့ မြို့မ (၂) ရပ်ကွက်ရှိ စတိုးဆိုင်၊ ၁၇-၁-၂၀၂၂ ရက်နေ့တွင် ကျိုက်လတ်မြို့ မြို့မဈေးအပြင်တန်းရှိ မုန့်မျိုးစုံဆိုင် (၂) ဆိုင်၊ ၁၈-၁-၂၀၂၂ ရက်နေ့တွင် ဒေးဒရဲမြို့ရှိ ကုန်မျိုးစုံဆိုင် (၂) ဆိုင်တို့သို့ သွားရောက်၍ ဈေးကွက်အတွင်း ရောင်းချနေသော ကုန်စည်များ၌ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံခြင်းရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ဧရာဝတီတိုင်းဒေသကြီး**

## ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်မှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ် တာဝန်ခံများဦးဆောင်သော မြို့နယ်ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့ရှိ စည်ပင်သာယာဈေး၊ ပန်းတောင်းမြို့ရှိ ကုန်မျိုးစုံဆိုင်များ၊ ရွှေတောင်မြို့ရှိ ကုန်စုံဆိုင်များသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မင်းလှမြို့ စည်ပင်သာယာမြို့မဈေးအတွင်းရှိ စားသုံးဆီများ ရောင်းချနေသော ကုန်စုံဆိုင်များသို့လည်းကောင်း၊ သာယာဝတီမြို့အတွင်းရှိ ကုန်စုံဆိုင်များ၊ နတ်တလင်းမြို့ရှိ ဆေးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ ဈေးနှင့် ကုန်မျိုးစုံဆိုင်များတွင် ရောင်းချလျက်ရှိသော ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ စားသုံးသူပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေး၊ ကုန်စည်များတွင် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားသော ကုန်စည်များကိုသာ ဦးစားပေးရောင်းချကြရန် သက်ဆိုင်ရာအဖိုးရဌာနများမှ စားသုံးရန်နှင့် သုံးစွဲရန် မသင့်ဟု ကြေညာထားသော ကုန်စည်များအား ရောင်းချခြင်းမပြုကြရန် စားသုံးသူပြည်သူများ နစ်နာဆုံရှုံးမှုဖြစ်စေမည့် ကုန်စည်များ၊ သက်တမ်းလွန် ကုန်စည်များအား သွယ်ဝိုက်ရောင်းချခြင်းများ ရှောင်ကြဉ်ကြရန် လုပ်ငန်းရှင်များသို့ အသိပေးပြောကြားခဲ့ကြောင်းနှင့် စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဝေငှပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ပဲခူးတိုင်းဒေသကြီး**

စာမျက်နှာ ၈ မှအဆက်

စည်းမျဉ်း (၁) အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် အမျိုးသားမူဝါဒများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်၊

စည်းမျဉ်း (၂) အငြင်းပွားမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူ လွယ်ကူစွာသိရှိနားလည်စေရန်အတွက် သက်ဆိုင်ရာ Website များတွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်သွားရန်၊

စည်းမျဉ်း (၃) အငြင်းပွားမှုများကို အဆုံးအဖြတ်ပြုလုပ်ပေးမည့် ပုဂ္ဂိုလ်များအနေဖြင့် လုံလောက်သည့် ဗဟုသုတနှင့် ဥပဒေပိုင်းဆိုင်ရာ သိရှိနားလည်ရန်နှင့် လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းကျင့်ဝတ်များကို သိရှိနားလည်ရန်၊

စည်းမျဉ်း (၄) အငြင်းပွားမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်အား အများပြည်သူများ ကြည့်ရှုနိုင်ရန်အတွက် သက်ဆိုင်ရာ website တွင် လွှင့်တင်ထားရှိရန်နှင့် သတင်းအချက်အလက်များကို အများပြည်သူ လွယ်ကူစွာ နားလည်စေရေးအတွက် ရှင်းလင်းတိကျစွာ ဖော်ပြရန်၊

စည်းမျဉ်း (၅) အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်အား ထိရောက်မှုရှိစေရေးဆောင်ရွက်ရန်၊

စည်းမျဉ်း (၆) အငြင်းပွားမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူများ၏ အမြင်သဘောထားများကို ဖော်ထုတ်ခွင့်ရရှိစေရေး ဆောင်ရွက်ရန်၊

စည်းမျဉ်း (၇) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရမည့် အငြင်းပွားမှုများအား ADR အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်ခြင်းမပြုရန်၊

စည်းမျဉ်း (၈) အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေဘဲ ထိရောက်စွာ ဖြေရှင်းရန်၊

စည်းမျဉ်း (၉) အငြင်းပွားမှုအား အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပါဝင်နေသူများမှ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့် ရရှိရန်၊

စည်းမျဉ်း (၁၀) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ရလဒ်များအား သက်ဝင်အားကောင်းမှုရှိစေရေး ဆောင်ရွက်ရန်။

စားသုံးသူများအနေဖြင့် စားသုံးသူနစ်နာဆုံးရှုံးမှုများကို ထိရောက်စွာဖြေရှင်း ဆောင်ရွက်ရန်အတွက် အငြင်းပွားမှုများအား အခြားနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း (Alternative Dispute Resolution - ADR) စနစ်သည် များစွာအထောက်အကူပြုပါသည်။ ADR စနစ်သည် တရားရုံးများသို့ သွားရောက်၍ တရားစွဲခြင်းနည်းလမ်းထက်နှိုင်းယှဉ်ပါက ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်ကုန် သက်သာခြင်း၊ လုပ်ဆောင်ရလွယ်ကူခြင်း စသည့်အကျိုးကျေးဇူးများရှိသည့်အတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

***ဆက်လက်ဖော်ပြပါမည်။*** **Source: အာဆီယံ**

စာမျက်နှာ ၁၀ မှအဆက်

ငှင်းအကောင့်ဖြင့် ငွေလက်ခံ ရရှိထား တွင် တိုင်ကြားသူမှ တိုင်ကြားမှုအား သည့်အတွက် အမှုပိတ်သိမ်း ဆောင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် တိုင် ပိတ်သိမ်းပြီး ရဲစခန်းတွင် အမှုဖွင့်တိုင် ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ ကြားသူထံ ဆက်သွယ်ရှင်းလင်းရာ ကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့

**Source: CICC**

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### ရတနာဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးမှ ၂၆-၁၂-၂၀၂၁ ရက်နေ့တွင် "xxxxx" shop တွင် ငွေကျပ် ၁,၁၅၀,၀၀၀/တန် စိန်လက်စွပ် တစ်ကွင်း ဝယ်ယူခဲ့ပြီး ၂၈-၁၂-၂၀၂၁ ရက်နေ့တွင် ဆိုင်သို့သွား၍ ပြုပြင်ပေးရန် ပေးအပ်ခဲ့ရာ ၁ ပတ် ခန့်ကြာနိုင်သည်ဟု ပြောကြားခဲ့ပြီး တစ်ပတ်ကျော်သည်အထိ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားလာခြင်းမရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် ၆-၁-၂၀၂၂ ရက်နေ့တွင် တိုင်ကြားလာမှုအားလုံးမှာ တိုင်းဒေသကြီးဦးစီးမှူး ရုံးမှ တာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းရာ "xxxxx Jewels Shop" မှ ဆိုင်မန်နေဂျာဖြစ်သူက ၇-၁-၂၀၂၂ ရက်နေ့တွင် တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်လာခဲ့ပြီး လက်စွပ်အား ၈-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ပေးအပ်ခဲ့ပါကြောင်း နှင့် ဆိုင်မှ အာမခံအချိန်ကာလကျော်မှ လက်စွပ်အား ပြန်လည်အပ်နှံနိုင်ခဲ့သည့်အတွက် မန်နေဂျာက တောင်းပန်ခဲ့သောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလာသည့်အတွက် ၁၂-၁-၂၀၂၂ ရက်နေ့တွင် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: CICC**

### Online Shopping ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ တိုင်ကြားသူတစ်ဦးမှ မြဝတီမြို့ရှိ "xxxxx" Myanmar ဆိုင်ကယ်ရောင်းဝယ်ရေး Facebook Page မှ တစ်ဆင့် ဆိုင်ကယ်ဝယ်ယူခဲ့ရာ ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် ကျသင့်ငွေ ကျပ် ၇၅၀၀၀၀/- ကျပ်အား ၎င်းဆိုင်၏ ဖုန်းနံပါတ် (၀၉ xxxxxxxxx) သို့ လွှဲပြောင်းပေးပြီး ၁၄-၁၂-၂၀၂၁ ရက်နေ့တွင် ပစ္စည်းတင်ပို့ပေးမည်ဟု ပြောဆိုခဲ့သော်လည်း ၁၅-၁၂-၂၀၂၁ ရက်နေ့အထိ ဆိုင်ကယ်ရောက်ရှိလာခြင်း မရှိသောကြောင့် ရောင်းချသူ၏ ဖုန်းသို့ ဆက်သွယ်ခဲ့ရာ ဝယ်ယူသူဖြစ်သည့် တိုင်ကြားသူ ဖုန်းနံပါတ်အား Block ထားသည့်အတွက် အခြားဖုန်းဖြင့် ခေါ်ဆိုကြည့်ရာ ဆက်သွယ်၍ ရရှိသော်လည်း ဝယ်ယူထားသည့် ဆိုင်ကယ်ပေးပို့မည့်ကိစ္စအား မေးမြန်းရာတွင် ဖုန်းချသွားသည့်အတွက် ထပ်မံဆက်သွယ်၍ မရှိပါကြောင်း၊ တိုင်ကြားသူအနေဖြင့် ၁၆-၁၂-၂၀၂၁ ရက်နေ့အထိ ဆိုင်ကယ်လက်ခံရရှိခြင်းမရှိသည့်အတွက် ဆိုင်ကယ်လက်ခံရရှိနိုင်ရေး သို့မဟုတ် ငွေပြန်လည် ရရှိနိုင်ရေးတို့အတွက် ဖြေရှင်းဆောင်ရွက်ပေးပါရန် ၁၇-၁၂-၂၀၂၁ မုံရွာခရိုင်ဦးစီးမှူးရုံးသို့ တိုင်ကြားလာမှုအပေါ် မုံရွာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက "xxxxx" Myanmar ဆိုင်ကယ်ရောင်းဝယ်ရေး၏ ဖုန်း ၀၉ xxxxxxxxx သို့ ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်သော်လည်း လက်ခံဖြေကြားခြင်း မရှိခြင်း၊ Black List လုပ်ထားခြင်းတို့ကြောင့် ၂၀-၁၂-၂၀၂၁ ရက်နေ့တွင် Wave Money ဖြင့် ခွဲတမ်းဆက်၍ ဖုန်းနံပါတ် ၀၉ xxxxxxxxx တွင် Wave အကောင့် ဖွင့်ထားခြင်းရှိ/မရှိ နှင့် ငွေကျပ် ၇၅၀,၀၀၀/- ကို လက်ခံရရှိထားခြင်းရှိ/မရှိ စစ်ဆေးခဲ့ရာ

စာမျက်နှာ ၉ ကော်လံ ၁ သို့



၂၀၂၁ - ၂၀၂၂ ခုနှစ် (၆)လ ဘဏ္ဍာနှစ်၊ ဧနနဝါရီလအတွင်း တိုင်းဒေသကြီး /ပြည်နယ် /ခရိုင်များရှိ CICC များ၏ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး /ပြည်နယ်/ ခရိုင် | တိုင်ကြားမှုနည်းလမ်းများ | | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Website | FB Page/ စာ/ဖုန်း/ email | MCU | ဦးစီးမှူးရုံး (လူကိုယ်တိုင် ) | ခရိုင်တိုင်ကြားမှု | ယခင်လ ဖြေရှင်းရန်ကျန် | ယခုလ | ပေါင်း | ယခင်လက်ကျန်မှ | ယခုလ | ပေါင်း | | |
| ၁ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | ၃၁ | | ၃၁ | | | | ၃၁ | 0% |
| ၂ | ပြည်ထောင်စုနယ်မြေ | | | | | | ၁ | | ၁ | ၁ | | ၁ | | 100% |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ၂၀ | ၉ | | | ၁ | ၃၅ | ၃၀ | ၆၅ | ၁ | ၁၄ | ၁၅ | ၅၀ | 23% |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂ | | | | | ၁၂ | ၂ | ၁၄ | ၁ | | ၁ | ၁၃ | 7% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | | | | | ၁၅ | ၁ | ၁၆ | ၄ | ၁ | ၅ | ၁၁ | 31% |
| ၆ | ဧရာဝတီတိုင်းဒေသကြီး | | | | ၁ | | ၄ | ၁ | ၅ | | | | ၅ | 0% |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | |
| ၈ | ပဲခူးတိုင်းဒေသကြီး | | | | | | ၂ | | ၂ | ၂ | | ၂ | | 100% |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | |
| ၁၀ | ကချင်ပြည်နယ် | | | | | | | | | | | | | |
| ၁၁ | ကယားပြည်နယ် | | | | | | | | | | | | | |
| ၁၂ | ကရင်ပြည်နယ် | | | | | | | | | | | | | |
| ၁၃ | ချင်းပြည်နယ် | | | | | | | | | | | | | |
| ၁၄ | မွန်ပြည်နယ် | ၁ | ၁ | | | | ၁ | ၂ | ၃ | ၁ | | ၁ | ၂ | 33% |
| ၁၅ | ရခိုင်ပြည်နယ် | | | | | | | | | | | | | |
| ၁၆ | ရှမ်း(တောင်)တောင်ကြီး | | | | | | ၁ | | ၁ | | | | ၁ | 0% |
| ၁၇ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | |
| ၁၈ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | |
| | စုစုပေါင်း | ၂၄ | ၁၀ | | ၁ | ၁ | ၁၀၂ | ၃၆ | ၁၃၈ | ၁၀ | ၁၅ | ၂၅ | ၁၁၃ | 18% |
| | | ၃၆ | | | | | | | | | | | | |

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### ဧရာဝတီတိုင်းဒေသကြီးအတွင်း ဈေးကွက်စောင့်ကြည့်ခြင်း

ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်အတွင်း ၅-၁-၂၀၂၂ ရက်နေ့တွင် ကျုံပျော်မြို့ မြို့မဈေးရှိ ကုန်မျိုးစုံဆိုင်များ၊ ၇-၁-၂၀၂၂ ရက်နေ့တွင် သာပေါင်းမြို့ မြို့မဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်များ၊ ၁၉-၁-၂၀၂၂ ရက်နေ့တွင် ပုသိမ်မြို့ရှိ Z-Mall Mart ၊ ၂၁-၁-၂၀၂၂ ရက်နေ့တွင် သာပေါင်းမြို့ရှိ ဆေးဆိုင်များနှင့် ကျောင်းကုန်းမြို့ရှိ ကုန်မျိုးစုံဆိုင်များကိုလည်းကောင်း၊ ဟင်္သာတခရိုင်အတွင်း ၂၁-၁-၂၀၂၂ ရက်နေ့တွင် ဟင်္သာတမြို့ ဌေးဝင်းဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် မုန့်မျိုးစုံဆိုင်များ၊ ၁၀-၁-၂၀၂၂ ရက်နေ့နှင့် ၁၁-၁-၂၀၂၂ ရက်နေ့တို့တွင် မြန်အောင်မြို့နယ်ရှိ မုန့်မျိုးစုံဆိုင်များ၊ ၁၇-၁-၂၀၂၂ ရက်နေ့တွင် ဇလွန်မြို့ရှိ စတိုးဆိုင်များ၊ ၁၈-၁-၂၀၂၂ ရက်နေ့တွင် ကြံခင်းမြို့နယ်၊ ပရိုစုကျေးရွာရှိ အလှကုန်နှင့် စတိုးဆိုင်များ၊ ၁၈-၁-၂၀၂၂ ရက်နေ့တွင် အင်္ဂပူမြို့နယ်၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့